
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ဘုန်းကြီးတစ္ဆေ

## အောင်မြတ်သာနှင့်ဘုန်းကြီးတစ္ဆေ

အောင်မြတ်သာတို့ လေးကျွန်းဘုရား စံအိမ်တော်ကနေ နာဂဝီသ တောင်တန်းပေါ်ကို ခရီးဆက်ခဲ့ကြတယ်။ နာဂဝီသတောင်တန်းလို့ ခေါ်ဆိုရတဲ့ အကြောင်းက နဂါးတစ်ကောင်ရဲ့ ကိုယ်ခန္ဓာအတိုင်း တောင်ကြောကြီးက ရစ်ပတ်ခွေနေလို့ ပဲ ဖြစ်တယ်။ နာဂဝီသတောင်တန်း တစ်လျှောက်မှာ တော့ စေတီပုထိုးတွေ၊ ဘုန်းကြီးကျောင်းငယ်တွေက သူ့နေရာနဲ့ သူ တည်ရှိနေကြတယ်။

အောင်မြတ်သာတို့ နာဂဝီသ တောင်တန်းပေါ်ကို ရောက်တော့ အချိန်လင့်နေပြီ။ အဲဒီအတွက် တောင်တန်းရဲ့ အစွန်းလေးမှာ တည်ထားတဲ့ စေတီလေးမှာ ညအိပ်ဖို့ အကြောင်းဖန် လာခဲ့တယ်။ စေတီရဲ့ ရင်ပြင်တော်ပေါ်ကို လှည်းကျင်းပြီး တစ်ညတာ အိပ်စက်ဖို့ ပြင်ဆင်နေတဲ့ အချိန် စေတီပေါ်ကို အင်္ကျီအစိမ်း ဝမ်းဆက် ဝတ်ထားတဲ့ အမျိုးသမီးလေး ယောက် တက်လာတာကို မြင်လိုက်ရတယ်။

အမျိုးသမီးလေးယောက် တက်လာတဲ့ အချိန် စေတီတစ်ခုလုံး အမွှေးရနံ့တွေ ကြိုင်လှိုင်သွားတယ်။ အမျိုးသမီးတွေက စေတီငယ်လေးကို ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်နေတာကို မြင်တော့ အောင်မြတ်သာက သာဓုသုံးကြိမ် ခေါ်ဆိုလိုက်တယ်။

အောင်မြတ်သာရဲ့ သာဓုခေါ်ဆိုသံကို ကြားတော့ အမျိုးသမီးငယ်

တွေက အံ့သြတဲ့ အမူအရာနဲ့ အောင်မြတ်သာကို လှမ်းကြည့်ပြီး

"အသင်က မြနန်းတို့ ကို မြင်တွေ့ရတာလား မြနန်းတို့ က အသင့်ကို မမြင်ဖူးလို့ ထင်မှတ်ထားတာ" လို့ ပြောတော့ အောင်မြတ်သာက

"သင်တို့ ကို မြင်ရပါတယ်၊ သင်တို့ ရဲ့ ကုသိုလ်ကောင်းမှု အစုကိုလည်း အသိမှတ်ပြုလို့ သာဓုခေါ်လိုက်တာပါ အသင်တို့ က အမြဲတမ်း ဒီစေတီလေးကို လာရောက် ကြတာလား"

"အမြဲတမ်းတော့ မဟုတ်ပါ နှစ်ရက်ခြား သုံးရက်ခြားတော့ လာတတ်ပါတယ်၊ မြနန်းတို့ က ဒီတောင်တန်းပေါ်မှာ ပဲ နေကြတာ၊ အသင်တို့ ကရော ဘယ်ခရီးကို ဆက်ကြမလို့ လည်း "

"ကျုပ်တို့ က တာဝန်တစ်ခုနဲ့ ခရီးထွက်လာတာပါ၊ အခုက အချိန်လည်း လင့်နေပြီမို့ ဒီစေတီမှာ ညအိပ်တည်းခိုမလို့ ပါ"

"အသင်တို့ က သာမန်လူတွေ မဟုတ်ဘူး ဆိုတာ သိပါတယ်၊ မြနန်းရဲ့ ညီအစ်မတွေနဲ့ မိတ်ဆက်ပေးပါမယ်။

ဒါက မြနန်းရဲ့ ညီမမြစိမ်းတဲ့ ၊ ဟိုဘက် နှစ်ယောက်ကတော့ မြနန်းတို့ မောင်နှမရဲ့ အထိန်းတော် နှစ်ယောက်ပါ၊ သူတို့ က မြနန်းတို့ ဘယ်သွားသွား အမြဲပါတယ်"

"ဟုတ်ပါပြီ ကျုပ်နာမည်က အောင်မြတ်သာပါ၊ ဒီဘက် တစ်ယောက်က သက်ခိုင်၊ ဒီဘက်ကတော့ တောက်ရလို့ ခေါ်တယ်"

"ကိုသက်ခိုင်နဲ့ ကိုတောက်ရ မြနန်းတို့ ဆီ လိုက်မလည်ချင်ဘူးလား ခ်ခ်"

မြနန်းဆိုတဲ့ အမျိုးသမီးက သက်ခိုင်နဲ့ တောက်ရကို မထိတထိ ပြောလိုက်တော့ လူပျိုသိုးကြီး နှစ်ယောက် မျက်နှာ တဖြည်းဖြည်း နီတက်

လာခဲ့တယ်။

အောင်မြတ်သာက အနည်းငယ် ပြုံးလိုက်ပြီး

"သက်ခိုင်နဲ့ တောက်ရ မင်းတို့ လိုက်ချင် လိုက်သွားလေ ရောက်တုန်း ရောက်ခိုက် အတွေ့အကြုံ ရတာပေါ့" လို့ ပြောတော့ သက်ခိုင်က

"မဟုတ်တာ ဆရာရယ် ကျွန်တော်တို့ မလိုက်ပါဘူး၊ ဒီကအမိတို့ က စနေတာနေမှာ ပါ" လို့ ရီကျဲကျဲပြောတော့ မြနန်းဆိုတဲ့ အမျိုးသမီးက

"အသင်တို့လိုက်ချင်ရင် မြနန်းတို့ က ကြိုဆိုနေပါတယ်နော်၊ နောက်နေ့တွေလည်း မြနန်းတို့ ဒီဘုရားမှာ စောင့်နေမယ်၊ ခုတော့ အချိန်နောက်ကျနေပီမို့ ပြန်လိုက်ဦးမယ်" လို့ ပြောပြီး သက်ခိုင်နဲ့ တောက်ရတို့ ကို လက်ပြနှုတ်ဆက် သွားကြတယ်။

အမျိုးသမီး လေးယောက် ပြန်သွားတော့ အောင်မြတ်သာက သက်ခိုင်ကိုကြည့်ပြီး

"ဒီအမျိုးသမီးတွေက ဘာတွေလဲသိလား" လို့ မေးတော့ သက်ခိုင်က

"ဥစ္စာစောင့်တွေနေမှာ ပေါ့ ဆရာရယ်၊ ဝတ်ထားစားထားတာ ကြည့်ပြီး ခန့်မှန်းလို့ ရပါတယ်" လို့ ပြောတော့ အောင်မြတ်သာက

"မင်းပြောတာလည်း မှန်ပါတယ်၊ သူတို့ က နေ့ခံညစံဝေမာနိက ပြိတ္တာမလေးတွေပဲ"

"ဗျာ ဟုတ်လို့ လားဆရာ"

"မင်းမယုံရင် အခုငါတို့ တာဝန်ပြီးလို့ ပြန်တဲ့ အခါ မင်းတို့ ကို လက်တွေ့ပြမယ်၊ ခုတော့ လုပ်စရာရှိတာ လုပ်ပြီး နားကြတော့"

သက်ခိုင်တို့ လည်း မိမိတို့ လုပ်စရာရှိတဲ့ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း၊ အင်းကွက် ရေးဆွဲခြင်းများ လုပ်ပြီး အိပ်စက်ခဲ့တယ်။

မနက်မိုးသောက်တာနဲ့ ဆရာတပည့်တွေ စိတ္တာသုခ ဘုန်းကြီးကျောင်း ရှိရာကို ခရီးဆက်ထွက်ခဲ့ကြတယ်။ အရုဏ်တက်ချိန်ဖြစ်တဲ့ အတွက် နေအလင်းရောင်က မှိန်ပျပျလေးသာ လင်းနိုင်သေးတယ်။

အောင်မြတ်သာတို့ လည်း တောင်ပေါ်လမ်းအတိုင်း ဖြည်းဖြည်းချင်း လျှောက်လာခဲ့တာ တောင်တန်းတစ်နေရာ အရောက်မှာ တော့ တောင်နံရံကြီးတစ်ခုက လမ်းအလယ်ကို ကန့်လန့်ခံပိတ်နေတာ တွေ့လိုက်ရတယ်။

သက်ခိုင်က ကန့်လန့်ခံနေတဲ့ တောင်နံရံကို မြင်တော့

"ဆရာ ဒီနေရာက ဘယ်လိုဖြစ်တာလဲ လမ်းလည်း မရှိတော့ဘူး အရှေ့မှာ ပိတ်နေပြီ"

"သက်ခိုင် အရှေ့မှာ လမ်းရှိတယ် ငါတို့ ကို မမြင်အောင် တမင်တကာ ပိတ်ထားတာ သေချာ ပြန်ကြည့်ပါဦး လမ်းပေါ်မှာ ပိတ်နေတာ ဘာလဲဆိုတာ"

သက်ခိုင်လည်း ဆရာပြောတဲ့ စကား ကြားတော့ တောင်နံရံကို သေချာကြည့်လိုက်တာ တောင်နံရံ မဟုတ်တော့ဘူး အမွေးအမှ င်တွေ ထူထပ်နေတဲ့ ခြေထောက်တစ်ဖက် ဖြစ်နေတာကို မြင်လိုက်ရတယ်။ သက်ခိုင်လည်း အမြင်အာရုံတွေကို စုစည်းပြီး ကြည့်လိုက်တော့ တောင်တန်းအပေါ်က ကုန်းမြင့်ကို မေးတင်ပြီး ခြေထောက်ကို ချအိပ်နေတဲ့ သဘက်တစ်ကောင်ကို မြင်လိုက်ရတယ်။

တောင် တစ်လုံးလောက် ကြီးမားတဲ့ သဘက်ကြီးကို မြင်တော့ သက်ခိုင်နဲ့ တောက်ရ မျက်လုံးပြူး သွားတယ်။ တစ်သက်တစ်ကိုယ် ဒီလောက်ကြီးတဲ့ သဘက်မျိုး မမြင်ဖူးတဲ့ အတွက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့ အချိန် အောင်မြတ်သာက သဘက်ကြီးရဲ့ ခြေထောက်ကို ခဲလုံးတစ်လုံးနဲ့ ပစ်ပေါက်လိုက်တယ်။

ခဲလုံးနဲ့ ပစ်ပေါက်လိုက်တဲ့ အရှိန်က ဘယ်လောက်မှ မရှိပေမဲ့ သဘက်ကြီးက သူ့ရဲ့ လက်ကြမ်းကြမ်းနဲ့ ခြေထောက်ကို ကိုင်ပြီး လူးလဲထလာတယ်။

သဘက်ကြီးက အောင်မြတ်သာကို မြင်တော့ မတ်တတ်ရပ်လိုက်တာ သဘက်ကြီးရဲ့ မျက်နှာကို မမြင်ရတော့ဘူး၊ ဘယ်လောက်ကြီးတယ် ဆိုတာ ခန့်မှန်းကြည့်ကြ။